[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

**ဇွန်လ ၇ ရက်၊ ၂၀၂၃ ခုနှစ်**

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ မေလ ၂၂ရက်နေ့မှ ဇွန်လ ၄ ရက်နေ့ထိ၊၂၀၂၃ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – မေလ ၂၁ရက်၊ ၂၀၂၃ | မေလ ၂၂ရက်မှ ဇွန်လ၄ ရက်၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၃၄၈ | ၇ | ၃၅၅ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၅၅ | | ၃၅၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၄၀၈ | ၁၅ | ၄၂၃ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၆၅ | | ၁၆၅ |
| | ဒီးမော့ဆိုမြို့နယ် | ၆၀၀ | | ၆၀၀ |
| | ဖယ်ခုံမြို့နယ် | ၃၃၅ | ၉ | ၃၄၄ |
| | ဖရူဆိုမြို့နယ် | ၆၇ | | ၆၇ |
| | ဘောလခဲမြို့နယ် | ၃၂ | | ၃၂ |
| | ရှားတောမြို့နယ် | ၁ | | ၁ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |

| | | | | |
|---|---|---|---|---|
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| **ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း** | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ မေလ ၂၁ ရက်နေ့ အထိ ၂၀၂၃** | **IDPs အသစ် မေလ ၂၂ရက် – ဇွန်လ ၄ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၄၀၀၀ | | ၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၁၀၀၀ | | ၁၀၀၀ |
| ၈ | ဘောလခဲ | ၃၇၄၁ | | ၄၇၄၁ |
| | **စုစုပေါင်း** | **၂၀၂၁၁၅** | | **၂၀၈၁၁၅** |

## စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ မေလ(၂၂)ရက်မှ ဇွန်လ(၃)ရက်၊ ၂၀၂၃ခုနှစ်



**စစ်ကောင်စီ၏ လေကြောင်းပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လက်နက်ကြီးများပစ်ခတ်ခြင်းကြောင့် ဖယ်ခုံမြို့နယ်နှင့် လွိုင်ကော်မြို့နယ်တို့တွင် အရပ်သား ၇ ဦးသေဆုံး၊ ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိ**

လွန်ခဲ့သော နှစ်ပတ်အတွင်း စစ်ကောင်စီတပ်များသည် လေကြောင်းတိုက်ခိုက်ခြင်းများနှင့် လက်နက်ကြီးများ ပစ်ခတ်တိုက်ခိုက်မှုများအား အရပ်သားများရှိရာ နေရာများသို့ ကျယ်ပြန့်စွာလုပ်ဆောင်လာခဲ့သည့်အတွက် ဖယ်ခုံမြို့နယ်နှင့် လွိုင်ကော်မြို့နယ်အတွင်း အရပ်သား ၇ ဦးသေဆုံးပြီး ၁၁ ဦးထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။ စစ်ကောင်စီတပ်များသည် ကရင်နီပူးပေါင်းတပ်ဖွဲ့များကို တိုက်ထုတ်ပြီး မိုးဗြဲမြို့အား သိမ်းပိုက်နိုင်ရန်အတွက် အရပ်သားများရှိသည့် မိုးဗြဲမြို့ပေါ်ရှိရပ်ကွက်များအပြင် မိုးဗြဲမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများအား ပစ်မှတ်ထားတိုက်ခိုက်လာခဲ့သည်။ သည့်အပြင် မိုးဗြဲအနောက်ဘက်ခြမ်းတွင် ရှိသော ကယန်းပြည်သစ်၏ နယ်မြေလုံခြုံရေးဂိတ်အား လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်သွားခဲ့သည်။

မေလ ၂၂ရက်၊ မွန်းလွဲအချိန်တွင် ထိုင်း-ကရင်နီနယ်စပ် စစ်ကောင်စီတပ်စခန်းအနီး တစ်နေရာတွင် စစ်ကောင်စီတပ်နှင့် ကရင်နီတပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားပြီး ညနေ ၃ နာရီအချိန်တွင် လေယာဉ်ဖြင့် နှစ်ကြိမ်လာရောက် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုတရက်တည်းအတွင်း မွန်းလွဲ ၂ နာရီခွဲ အချိန်ခန့်တွင် မိုးဗြဲ-ပီကင်းလမ်းမကြီးပေါ်သွားနေသည့် ကားတစ်စီးပစ်ခတ်ခံရပြီး အသက် (၆၀)အရွယ်ရှိ ယာဉ်မောင်း ဦးအုန်းမြင့် ညာဘက်ပခုံးအောက် ကျည်ဆံထိမှန်ပြီး သေဆုံးသွားပါသည်။

မေလ ၂၃ရက်၊ ည ၉နာရီ ၃၀မိနစ်အချိန်တွင် စစ်ကောင်စီတပ်မှ မိုးဗြဲစစ်ရှောင်စခန်းတစ်နေရာကို လေယာဉ်ဖြင့် (၂)ကြိမ်တိုင် လာရောက်ဗုံးကြဲခဲ့ရာ လူနေအိမ် (၂)လုံး ထိမှန်ပျက်စီးသွားခဲ့ပါသည်။

မေလ ၂၄ရက်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါ်တဝီနှင့် ပဆေးလာကျေးရွာအကြားတွင် စစ်ကောင်စီတပ်မှ ညသန်းခေါင်အချိန်တွင် လေယာဉ်ဖြင့် (၆)ကြိမ် ဗုံးကြဲတိုက်ခိုက်မှုကြောင့် KNDF ရဲဘော် (၅)ဦး ထိမှန်သေဆုံး ခဲ့ပါသည်။

မေလ ၂၆ရက်၊ မိုးဗြဲမြို့ ညောင်ဝိုင်းရပ်ကွက်တွင် တပ်စွဲနေသည့် စစ်ကောင်စီတပ်နှင့် ပူးပေါင်းတပ်ဖွဲ့များ ဖြစ်သော မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်၊ KNDF, URF တို့တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ထိုတိုက်ပွဲတွင် စစ်ကောင်စီ တပ်မှ (၂၀)ဦးသေဆုံးပြီး (၂)ဦးအရှင်ဖမ်းဆီးရမိခဲ့ပါသည်။

မေလ ၂၇ရက်၊ ဖယ်ခုံမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ဖယ်ခုံပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး တိုက်ပွဲအတွင်း ဖယ်ခုံပြည်သူ့ကာကွယ်ရေးတပ်မှ ရဲဘော် (၃)ဦးကျဆုံးကာ (၈)ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထိတရက်တည်းတွင် မိုးဗြဲမြို့ပေါ်ရှိ ညောင်ဝိုင်းနှင့် ပေါ်ဦးရပ်ကွက်တို့တွင်လည်း စစ်ကောင်စီတပ်နှင့် မိုးဗြဲ ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ လက်နက်ကြီး ပစ်ကူများအပြင် လေယာဉ်ဖြင့် (၈)ကြိမ်လာရောက် ဗုံးကြဲတိုက်ခိုက်သည့်အတွက် အသက် ၃ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး အပါအဝင် (၄)ဦး သေဆုံးခဲ့သည့်အပြင် ဘုန်းကြီးကျောင်းနှင့် နေအိမ်အချို့လည်း ထိခိုက်ပျက်စီးခဲ့ပါသည်။

မေလ ၂၈ရက်၊ နံနက် ၄နာရီ ၃၀မိနစ်အချိန်တွင် စစ်ကောင်စီတပ်မှ မိုးပြဲအနောက်ဘက်ခြမ်း စစ်ရှောင်စခန်းတစ်နေရာအား လေယာဉ်ဖြင့် (၂)ကြိမ်ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် စစ်ရှောင်ပြည်သူ (၄)ဦး ထိခိုက်ပြီး နေအိမ် (၃)လုံး ပျက်စီးသွားပါသည်။ ထို့အပြင် ည ၈နာရီအချိန် လွိုင်လင်လေးမြို့၊ ကုန်းမှီကိုကျေးရွာအတွင်း လက်နက်ကြီး ကျရောက်ပေါက်ကွဲခြင်းကြောင့် အသက် (၇)နှစ်အရွယ် ကလေးတစ်ဦး ညာလက်ကောက်ဝတ် ထိမှန်ပြီးနှင့် (၉)နှစ်အရွယ် ကလေးတစ်ဦးမှာ ဦးခေါင်းနှင့် ရင်ဘတ်ကို ယမ်းစ ထိမှန်ခဲ့ပါသည်။

မေလ ၂၉ရက်၊ နံနက် ၁၀ နာရီအချိန်တွင် ဖားဆောင်–ဘောလခဲလမ်းမကြီးပေါ်သွားလာနေသော အိမ်စီးကား တစ်စီးပစ်ခတ်ရပြီး အသက် ၃၀ ကျော်အရွယ်ရှိ အမျိုးသမီးတစ်ဦး ကျည်ဆံထိမှန်သေဆုံးခဲ့ကာ အမျိုးသား တစ်ဦးလည်း ကျည်ဆံထိမှန်ဒဏ်ရာ ရရှိခဲ့သည်။ ထိုတရက်တည်းတွင် ည ၉ နာရီအချိန် မိုးပြဲအခြေစိုက် ခမရ (၄၂၂)တပ်မှ မိုးပြဲမြို့၊ စည်ကားရပ်ကွက်သို့ လက်နက်ကြီး အလုံး (၂၀)ခန့် ပစ်ခတ်ခြင်းကြောင့် အသက် (၁၁)နှစ်အရွယ် မိန်းကလေးတစ်ဦးထိမှန်သေဆုံးပြီး (၄)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။




ဖယ်ခုံမြို့နယ်မှ ကယန်းပြည်သစ် လုံခြုံရေးဂိတ်အား စကစမှ ဗုံးကြဲတိုခိုက် စကစ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် အမျိုးသမီးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ၊ လွိုင်ကော်မြို့နယ်

ဇွန်လ ၁ရက်၊  နံနက် ၄ နာရီအချိန်တွင် မိုးပြဲမြို့ အနောက်ဘက်ခြမ်းတွင် ထားရှိသော ကယန်းပြည်သစ် တပ်မတော်၏ လုံခြုံရေးဂိတ်တစ်နေရာအား စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် (၂)ကြိမ်ခန့် ဗုံးကြဲတိုက်ခိုက်ကာ ပျက်စီးသွားခဲ့သည့်အပြင် ဖယ်ခုံ–ပင်လောင်းနယ်စပ်မှ ခေါင်းအိ၊ ဖယ်ခုံ၊ စက်တော်ရာ၊ လွယ်လုံ၊ မြေနီကုန်း (၅) နေရာကို စစ်ကောင်စီတပ်မှ လေယာဉ် (၅)စီးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။

ဇွန်လ ၃ရက်၊ မိုးပြဲအခြေစိုက် ခမရ ၄၂၂ တပ်မှ နံနက် ၅နာရီ ၄၅မိနစ်ခန့်တွင် လက်နက်ကြီး(၅)လုံးပစ်ခတ်ပြီး မိုးပြဲမြို့၊ စည်ကား (၂)ရပ်ကွက် အတွင်းသို့ ကျရောက်ပေါက်ကွဲခြင်းကြောင့် အသက် (၂၂)နှစ်အရွယ် အမျိုးသား တစ်ဦး သေဆုံးသွားခဲ့သည်။ သည့်အပြင် ဆီဆိုင်တစ်ဆိုင်သည်လည်း လက်နက်ကြီးထိမှန်မှုကြောင့် မီးလောင် ပျက်စီးသွားပြီး ဆီလာထည့်သည့် ပြည်သူနှစ်ဦး ထိမှန်ဒဏ်ရာရရှိသွားသည့်အပြင် ဆိုင်ကယ်နှစ်စီးလည်း မီးလောင်ပျက်စီးသွားခဲ့သည်။ ထိုတရက်တည်းတွင် ဒီးမော့ဆိုမြို့နယ် တောင်ဘက်ခြမ်းကျေးရွာတစ်ရာမှ အသက် ၄၀ အရွယ်ရှိ အမျိုးသမီးတစ်ဦး ဝါးမျှစ်ရှာရင်း မြေမြုပ်မိုင်းနင်းမိကာ ခြေထောက်တစ်ဖက် ဆုံးရှုံးသွား ခဲ့သည်။

**Contact persons:**
Khu Ko Reh Tel: +666 5329 7814

Khu Ruby Tel: +666 24251608
Website : www.karennicsn.org
Facebook: Karenni Csn (or) https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com